အကြည်တော်

# ကျွန်တော်နှင့်
# မြို့ပြယဉ်ကျေးမှု



ပူပြင်းတောက်လောင်သော နွေရာသီညက ခန္ဓာကိုယ်တစ်ခုလုံးကို ချွေးပြိုက်ပြိုက်ကျစေသည် ။ နေ့ခင်းပိုင်း တောက်လောင်ခဲ့သော အပူရှိန်က ညခင်းမှာ မှ အငွေ့ပျံပြီး တံလျှပ်သဖွယ် အပေါ်သို့လျှံတက်နေသည် ။

“ရေ…ရေဆာတယ်”

ထိုအသိက လျှောက်လှမ်းခဲ့သော ခြေလှမ်းများ ခွေယိုင်ချင်ချင်။

ခါတိုင်းလည်း ညအချိန်လွန်၍ ကားမရတိုင်း ဤကဲ့သို့ဝေးလံစွာ လမ်းလျှောက်ပြန်နေကျ။

သို့သော် ပူပြင်းမှုက ဤမျှလောက် မပြင်းပြ၍ ထိုကဲ့သို့အတွေးမျိုး တစ်ခါမှ မဖြစ်ပေါ်ဘူးချေ။

ဘေးဘီ ဝေ့ကြည့်မိသည် ။ နေအိမ်များ ၊ ဆိုင်ခန်းများအားလုံးပိတ်ကုန်ပြီ။ ဘာဆိုဘာမှ မရှိဘဲ တိတ်ဆိတ်စွာ ခြောက်ကပ်နေသည် ။

“ရေ…ရေ ပေးပါ”

တိုးတိုးဖွဖွ ရေရွတ်ရင်း မျက်နှာပေါ်မှ စီးကျလာသောချွေးစတို့ ကိုလျှာနှင့် သပ်မိသည် ။ လျှာပေါ်မှ ငန်ပျပျအရသာကြောင့် ရေပိုငတ်သယောင် ခံစားလိုက်ရသည် ။

ဘေးဘီ ထပ်ဝေ့ကြည့်မိသည် ။ ဘာဆိုဘာမှ မရှိတော့။ မီးများ ပိတ်

လျက်။ အိမ်တစ်အိမ်ထဲ ရေဝင်တောင်းသောက်ဖို့ ကလည်း မဝံ့ရဲ။ စုတ်ပြတ်ပြတ် သူ့ပုံမြင်သည် နှင့် သူခိုးမှတ်၍ ဝိုင်းရိုက်မှာ ကြောက်ရသေး။

"ရေဆာတယ်…ရေ…ဆာတယ်"

ထိုခံစားမှုတစ်ခုနှင့် တင် သူ့ခြေလှမ်းများ ၊ ပိုမိုလေးလံလာသည် ။ ဒူးအတွင်းမှ ရိုးတွင်းခြင်ဆီများ ခန်းခြောက်သယောင် ထင်ရလောက်အောင် ခြေထောက်များ တုန်ယင်နေသည် ။ ရေငတ်လွန်း၍ လမ်းဘေးလဲကျ သေသွားမလား၊ စိတ်ထဲခံစားနေရသည် ။

ထွက်ကျလာသော ချွေးများကို အင်္ကျီနှင့် ပင့်သုတ်လိုက်သည် ။ ချွေးချင်းပေါင်းသွားသည် သာ အဖတ်တင်၏။ ဘယ်လိုမှ အေးမြမှုကိုမပေးနိုင်။

ဝတ်ထားသောအင်္ကျီကို ပင့်ချွတ်လိုက်ပြီး ညှစ်ချလိုက်သည် ။

တဖျောဖျောကျလာသော ချွေးများက ကတ္တရာလမ်းပေါ်ကျပြီး ချက်ချင်းခြောက်ကပ်ကုန်ပြန်၏။

အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည် ။ ခေတ္တမျှ အေးမြသွားသယောင် ထင်ရသော်လည်း ခံစားချက်က မပြောင်းလဲ။ အနည်းငယ် ခြောက်သွေ့နေပြီဖြစ်သော အင်္ကျီနှင့် မျက်နှာပင့်သုတ်လိုက်ပြန်သည် ။ ချွေးများက ပင်ပန်းမှုကို အားပြု၍ မရပ်တန့်နိုင်သေး။ ခေါင်းကိုသပ်ခါလိုက်သည် နှင့် ရေစက်ရေပေါက်များ သဖွယ် ခန္ဓာကိုယ်ကိုလာစဉ်၏။

"ရေဆာတယ် … ရေဆာတယ်"

မြည်တမ်းရင်း သက်သာလိုသက်သာငြား ဆောင့်ကြောင့် ထိုင်လိုက်သည် ။ သိပ်မကြာခင်အချိန်အတွင်း ကတ္တာလမ်း၏ အပူငွေ့ကြောင့် ခ

န္ခာကိုယ်တစ်ခုလုံး ရေချိုးထားသလိုဖြစ်သွား၏။

"မဖြစ်ဘူး၊ ဒီလိုထိုင်နေရုံနဲ့ မဖြစ်ဘူး၊ ဆက်လျှောက်ရမယ်"

အားတင်း၍ ပြန်ရပ်လိုက်သည် ။ ခေါင်းတစ်ခုလုံး မူးမိုက်သွားသ ယောင်ထင်ရသော်လည်း ၊ သတိရှိစွာ ခန္ခာကိုယ်ကို ပြန်ထိန်းလိုက်သည် ။ မျက်လုံးကို ခေတ္တမှိတ်ထားရသည် ။ နောက်မှ ခြေလှမ်းကို ပြန်စနိုင် ၏။

ကုန်းကျော်တံတားက ခပ်နိမ့်နိမ့်ပင်ဖြစ်သော်လည်း ပင်ပန်းနွမ်းန ယ်မှုများကြောင့် စိတ်ပျက်လက်ပျက်နှင့် ခြေကုန်တက်နေရသည် ။ သို့ သော်...

"မီးရောင်"

အမှောင်ထဲ မသဲမကွဲမြင်ရသော မီးရောင်မြင်တော့ဝမ်းသာသွားမိသ ည် ။

"ဟုတ်တယ်...မီးရောင်"

"ရေရတော့မယ်"ဆိုသော အသိက ခန္ခာကိုယ်ကို အားအင်အသစ် ဖြ စ်ထွန်းစေသည် ။

ချွတ်ထားသောအင်္ကျီကို ကမန်းကတန်း ပြန်ကောက်စွပ်၍ ခြေလှမ်း အရှိန်မြှင့်လိုက်သည် ။

ညနက်နက်မှာ ဝယ်သူမဲ့နေသော ကွမ်းယာဆိုင်ကလေး။

ဖယောင်းတိုင်မီးမှုန်ပျပျနှင့် ဝယ်သူမဲ့နေပေပြီ။ ဆိုင်ရှင်က အိပ်ပျော် နေ၍ ဆိုင်သိမ်းရန် မေ့လျော့နေပုံ။

ခြေသံကြားတော့ ဆိုင်ရှင်က အိပ်ချင်မူးတူးနှင့် ကြည့်သည် ။ ဤအ

ချိန်ကြီးတစ်ယောက်တည်း လမ်းလျှောက်လာသည် ကိုမြင်တော့အံ့အားသင့်နေသည် ထင့်။

“စီးကရက်တစ်လိပ်ပေးပါ”

အမှန်တကယ်က ရေသောက်ချင်နေသည် ဖြစ်သော်ငြားလူမှုရေးအရ တစ်ခုခုဝယ်ပြီးမှ သင့်တော်မည်မို့ စီးကရက်တစ်လိပ်ကို လှမ်းဝယ်လိုက်သည် ။

ဈေးသည် က ပျင်းရိစွာသမ်းဝေပြီး စီးကရက်တစ်လိပ်ကမ်းပေး၏။ ပြီးနောက် ဆိုင်တွင် ရှိသော ပစ္စည်းများကို နံဘေးနားချထားသော ဆွဲခြင်းထဲသို့ တစ်ခုချင်းကောက်ထည့်နေလေတော့သည် ။ အခုမှ ဆိုင်သိမ်းရတော့မည်မှန်း သိသွားသည့် ပုံ။

ကျသင့်သောငွေကို ကတုန်ကယင်ကမ်းပေးရင်း…

“ရေ…ရေလေးတစ်ခွက်လောက်များ ရမလားဗျာ”

ဆိုင်ရှင်က လှည့်ပင်မကြည့်ပဲ…

“မရှိဘူး”

“ဗျာ”

ခန္ဓာကိုယ် ပြိုလဲကျမတတ်ဖြစ်သွား၏။ မျှော်လင့်ချက်များ ပျက်သုဉ်းသွားရပြီမို့ ဆောက်တည်ရာမရဖြစ်သွားသည် ။

“ရေ…ရေတစ်ခွက်လောက် တကယ်မရှိတာလားဗျာ”

ဈေးသည် က မျက်မှောင်ကျုံ့၍ ပြန်ကြည့်သည် ။ ပြီးမှ …“အိမ်ကမိန်းမက ဒါမျိုးတွေ သိတာ မဟုတ်ဘူး ၊ ဈေးရောင်းဖို့ ဈေးပစ္စည်းတွေချည်း ထည့်ပေးလိုက်တာ၊ ကျုပ်တောင် ခုနကကားတစ်စီးလာရပ်လို့ ရေ

တောင်းသောက်ရသေး၊ တောက် ပူပါတယ်ဆိုမှ ကွာ”

ဈေးသည် က တဗျစ်တောက်တောက်ဆိုရင်း သူ့ပစ္စည်းများ တစ်ခုစီ ကောက်ထည့်နေလေ၏။ ကျွန်တော်ကိုင်ထားသော စီးကရက် ကို မ သောက်ဖြစ်သေး။

မျှော်လင့်ထားသည့် အရာမရ၍ အာခေါင်က ပိုခြောက်ကပ်ပြီး လည် ချောင်းပင်ကွဲမတတ် ဖြစ်နေလေသည် ။

“အဟွတ်…အဟွတ်”

တံတွေးပင် မျိုချ၍ မရတော့။ ရေတစ်ခွက်ပင် မသောက်ရပါက သေ ဆုံးသွားနိုင်သည့် အနေအထား။

“ရေသောက်ဖို့ လားဟင်”

အနောက်မှ ချိုချိုအေးအေး မိန်းကလေးအသံကြားတော့ငေ့ကြည့်မိ သည် ။

ဆံပင်နှစ်ဖက်ကို ကျစ်ဆံမြီးကျစ်ထားသော မိန်းမငယ်လေးတစ် ယောက်။

အသက်က ဆယ့်ခြောက်နှစ်ခန့်သာ ရှိမည်ဖြစ်သောကောင်မလေး။

အစကတော့ အဖြူရောင် ဖြစ်ကောင်းဖြစ်မည်ဖြစ်သော ဂါဝန်ရှည် ညစ်ထေးထေးကို ဝတ်ဆင်ထားသည် ။ သူမ၏ မျက်နှာပေါ်တွင် လည်း ဖုန်မှုန့်များ ရွှံ့ဗွက်များ ပေကျံနေသည် ။

“ခုနက ရေဆာတယ်လားကြားလို့ ”

ကောင်မလေးက ထပ်ဆိုသည် ။ မငြင်းနိုင်သောအနေမို့ခေါင်းကို ခ ပ်သွက်သွက်ညိတ်ကာ

"ရေ...ရေရှိလား"

ကျွန်တော်၏ အလောတကြီးအမေးကို ကောင်မလေးက ခေါင်းညိတ်သည် ။ ပြီးနောက် ...

" ရှိတယ် ... ဒါပေမဲ့ မရှုံ့ရဘူးနော် "

ကောင်မလေးက လက်ညှိုးလေးထောင်ပြီး သတိပေး၏။ ရေသောက်ချင်ဇောနှင့် မို့ ခေါင်းညိတ်ကာ

" အင်းပါ ... ရပါတယ်၊ ရေသောက်ရရင်ကို ကျေးဇူးတင်လှပါပြီ "

" ဒါဖြင့်လိုက်ခဲ့ "

ကောင်မလေးက ပြောပြီးသည် နှင့် လှည့်ထွက်သွား၏။ သူမဦးတည်ရာက ခုနက သူဖြတ်သန်းလာသော တံတားဆီကို။

ခေါင်းငိုက်စိုက်ချရင်း ကောင်မလေးနောက် ခြေတရွတ်ဆွဲ လိုက်နေရသည် ။ အားအင်ကုန်ခန်းမှုများကြောင့် ခြေထောက်က ကြွက်တက်ချင်သလိုလို။ ခြေတစ်လှမ်းလှမ်းဖို့ မနည်းအားယူနေရသည် ။

ကောင်မလေးကတော့ ဘာမှ မသိသည့် အလား အရှေ့က နေခုန်ပေါက်ပြေးလွှားရင်း အနောက်ဘက်လှည့်ကြည့်၍ ရယ်သေးသည် ။ နောက် ဘာမှန်းမသိသော သီချင်းတစ်ပိုင်းတစ်စကို ညည်းရင်း ပျော်ရွှင်နေဟန်ရှိသည် ။

တံတားနားပြန်ရောက်တော့မှ သတိထားမိသည် ။ ဒီနား အိမ်မှ မရှိဘဲ။ ကျွန်တော်လည်း လန့်ဖျပ်ပြီး ...

" ဘယ် ... ဘယ်အထိသွားရမှာ လဲ "

" ခဏနော် "

ကျွန်တော့်စကားမဆုံးမီ ကောင်မလေးက ဖြတ်ပြောပြီး တံတားကြီး အောက် ပြေးဝင်ပျောက်ကွယ်သွား၏။

သူမ၏ အပြုအမူကြောင့် ကျွန်တော်လည်း ကြောင်နေမိသည် ။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်တော့လည်း ဘာမှ မရှိ။ တံတားနှင့် မလှမ်းမကမ်းတွင် သာ ပန်းခြံသဖွယ် သပ်သပ်ရပ်ရပ် ပြုလုပ်ထားသော မြေကွက်လပ်ကလေး။ ထိုကွက်လပ်ကလေးမှာ မှ ခနော်နီခနော်နဲ့ ရိုက်ထားသော ထိုင်ခုံတန်းလေးတစ်ခု။ သရဲများ အခြောက်ခံရတာလား။ ကြက်သီးကဖြန်းကနဲထသွား၏။ ရေသောက်ချင်စိတ်ကြောင့် ပဲစိတ်ကယောက်ကယက်ဖြစ်နေပြီလား မပြောတတ်။

ငေးကြည့်နေတုန်းမှာ ပင် တံတားအောက်ဝင်သွားသောကောင်မလေး ပြန်ထွက်လာသည် ။ သူ့လက်ထဲတွင် တော့ ညစ်ထေးနေသော ရေဘူးတစ်ခု။ ရေဘူးမြင်သည် နှင့် စိတ်ထဲ ပျို့ချင်သလိုပါဖြစ်သွား၏။

"ရော့"

ကောင်မလေးက ပြုံးရွှင်သောမျက်နှာကလေးနှင့် ရေဘူးကိုလှမ်းပေး၏။

ရေဘူးကိုကိုင်မိသည် နှင့် အေးမြသောအထိအတွေ့ကို စတင်ခံစားရသည် ။ သို့သော် လွန်စွာညစ်ထေးပေကျံနေသော ရေဘူးကိုမြင်နေရတော့ ရုတ်ခြည်းမသောက်ရဲသေး။ အထဲရေကတော့ ကြည်ကြည်လင်လင်ပင်။

"သောက်လေ…ရေဆာတယ်ဆို"

ကောင်မလေးအသံကြားတော့ သတိပြန်ဝင်လာသည် ။ နောက် ဘာမှ မစဉ်းစားတော့ဘဲ မျက်လုံးကိုမှိတ်၍ ရေကို ဒီအတိုင်းသောက်ချလို

က်သည္ ။

“ဟား”

ရင်တစ်ခုလုံး ခန္ဓာကိုယ်တစ်ခုလုံး အေးမြသွားသယောင်ထင်ရသည် ။ ရေကိုဗိုက်တင်းသည် အထိ မနားတမ်းသောက်ချလိုက်သည် ။

“ ခစ် … ခစ် … ခစ် ”

ကောင်မလေး၏ သဘောကျစွာ ရယ်သံကြားရ၏။ ကျွန်တော်လည်း သူ့ကို ဂရုမစိုက်နိုင်သေးဘဲ ကျန်ရှိနေသောရေများကို မျက်နှာပေါ်သို့ လောင်းချလိုက်သည် ။

“ ဟား ”

ခုနက ခံစားနေရသော ခံစားချက်များ ထိုရေစက်များ နှင့် အတူ မျောပါသွားသယောင် တင်ရလောက်အောင် ငြိမ်းချမ်းသွား၏။

“ ယူဦးမှာ လား ”

ပြုံးနေသော ကောင်မလေးကို တွေ့ရ၏။ အမှန်တော့ ဖြစ်နိုင်လျှင် ရေပါချိုးချလိုက်ချင်သော်လည်း ညစ်ထေးထေးရေဘူးကို ပြန်မြင်ကာ မသတီစိတ်များ ပိုသွားပြီး …

“ တော်ပါပြီ ”

ခေါင်းပေါ်မှ ဆံပင်များ တွင် ကပ်နေသော ရေစက်များကို ခါယမ်းပစ်လိုက်မိသည် ။

“ ဘယ်မှာ နေတာလဲဟင် ”

“ ဒီမှာ ပဲလေ ”

“ ဩော် ”

ကောင်မလေးက တံတားအောက်ကို လက်ညှိုးညွှန်ပြသည် ။ကျွန်တော်က အားတုံ့အားနာနှင့် ပြန်ရေရွတ်မိသည် ။ သူ့ပုံကတော့ ဘာမှ မထူးဆန်းသလို။ ကျွန်တော်ကသာ ကောင်မလေးကို အသေအချာကြည့်မိသည် ။

သူမသာ ရေအသေအချာချိုးထားမည်ဆိုလျှင် သူ့အရွယ်နှင့် သူ့ရုပ်မှာ အလွန်ချစ်စရာကောင်းမည့် ပုံပင်။ သို့သော်..

"ကျေးဇူးပဲနော်"

ညစ်ထေးနေသော ရေဘူးလေးကို ပြန်ပေးရင်း ပရိခံစကားဆိုမိ၏။ သူမကပြုံးရင်း...

"ရပါတယ်"

ဆိုပြီးမှ ခေါင်းငုံ့လိုက်သည် ။ နောက်မှ မျက်လွှာလှန်ကြည့်ပြီး...

"နောက်လည်း ရေဆာရင်လာခဲ့ပေ့ါ"

သူမ၏ လေသံက မဖြစ်နိုင်သည် ကို မျှော်လင့်မိသလိုမျိုး။

ကျွန်တော်ကသာ သူမကို စတင်ကျောခိုင်းလိုက်သည် ။

ဤသို့ဖြင့်...

*